# ကြံ့ဖွံ့မှအပ ၁၀ ရာခိုင်နှုန်းပင် မပြည့်သေး

သတင်းရင်းမြစ် > thant
အင်္ဂါနေ့၊ နိုဝင်ဘာလ ၀၉ ရက် ၂၀၁၀ ခုနှစ် ၂၂ နာရီ ၃၄ မိနစ်

နယူးဒေလီ (မဇ္ဈိမ) ။ □□□□□□။ ပြည်ထောင်စု ကြံ့ခိုင်ရေးပါတီမှအပ ကျန်ရှိသည့် နိုင်ငံရေးပါတီများ၏ ရွေးကောက်ပွဲ အနိုင်ရရှိမှု လက်ရှိ စာရင်းအရ ပြည်ထောင်စု လွှတ်တော်၏ ၁၀ ပုံတပုံပင် မရှိသေးကြောင်း တွေ့ရှိရသည်။

မဇ္ဈိမသတင်းဌာန၏ စုံစမ်းမှုနှင့် အခြား ပြည်တွင်းပြည်ပ သတင်းမီဒီယာအချို့တွင် ဖော်ပြထားသည့် သတင်းအချက်အလက်များအရ လေ့လာတွေ့ရှိရခြင်း ဖြစ်သည်။

ပြည်သူ့လွှတ်တော်အတွက် လွှတ်တော်အမတ်ပေါင်း ၄၄၀ ဦး သတ်မှတ်ထားရာ ၄ ပုံတပုံဖြစ်သည့် ဦးရေ ၁၁၀ သည် တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်က ခန့်အပ်မည်ဖြစ်သည်။ ထို့ကြောင့် ကျန်ရှိသော လွှတ်တော်အမတ် ဦးရေ ၃၃၀ ကိုမူ နိုဝင်ဘာလ ၇ ရက်နေ့ ရွေးကောက်ပွဲက ရွေးချယ်ပေးသည်။

လတ်တလော စာရင်းအရ အရွေးချယ်ခံ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်သည် ၂၅ ဦးသာ ရှိသေးသည်။

ထို ၂၅ ဦးထဲတွင် အမတ်လောင်း ၉၈၀ ဖြင့် ဒုတိယအများဆုံး ဝင်ပြိုင်သည့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေး ပါတီ (တစည) က ၁ ဦး၊ ၁၆၃ ဦးဖြင့် တတိယအများဆုံး ဝင်ပြိုင်သည့် အမျိုးသားဒီမိုကရေစီအင်အားစု NDF က ၁၁ ဦး၊ ၁၅၇ ဦးဖြင့် စတုတ္ထ အများဆုံး ဝင်ပြိုင်သည့် ကျားဖြူ ခေါ် ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ SNDP က ၈ ဦး ပါဝင်နေသည်။

အမျိုးသားလွှတ်တော်အတွက် လွှတ်တော်အမတ်ပေါင်း ၂၂၄ ဦး သတ်မှတ်ထားရာ ၄ ပုံတပုံဖြစ်သည့် ၅၆ ဦးမှာ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်ကပင် ခန့်အပ်မည်ဖြစ်သည်။ ထို့ကြောင့် ကျန်ရှိသည့် လွှတ်တော်အမတ် ဦးရေ ၁၆၈ ကိုမူ ရွေးကောက်ပွဲက ရွေးချယ်ပေးသည်။

လတ်တလော စာရင်းအရ အရွေးချယ်ခံ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်သည် ၁၂ ဦးသာ ရှိသေးသည်။

ထို ၁၂ ဦးထဲတွင် တစည က ၁ ဦး၊ NDF ၄ ဦး၊ ကျားဖြူက ၂ ဦးနှင့် ရခိုင်တိုင်းရင်းသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ RNDP က ၃ ဦး ပါဝင်နေသည်။

အဆိုပါ စာရင်းအရဆိုလျှင် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် နှစ်ရပ်ပေါင်းကာ ဖြစ်ပေါ်လာမည့် ပြည်ထောင်စု လွှတ်တော်အတွင်း အရပ်သား လွှတ်တော်အမတ်ပေါင်း ၄၉၈ ဦး ရှိမည့်အနက် လတ်တလော ၃၇ ဦးသာ ရှိသေးသဖြင့် ရာခိုင်နှုန်းအားဖြင့် ၇ ဒသမ ၄၃ နီးပါးသာ ရှိနေပါသေးသည်။

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှာ နိုင်ငံတဝန်း အမတ်လောင်း ဦးရေ ၁၁၆၃ ဦးဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး၊ ပါတီကို လက်ရှိ စစ်အစိုးရ ခေါင်းဆောင် စစ်ဗိုလ်ချုပ်များက ဦးဆောင်ဖွဲ့စည်းထားခြင်း ဖြစ်သည်။

၉၊ ၁၁၊ ၂၀၁၀ (ည ၉း၀၀ နာရီ)

## ကြံ့ခိုင်ရေးပါတီမှအပ ပါတီအလိုက် အနိုင်ရရှိသူများစာရင်း

| ပါတီ | ပြည်သူ့လွှတ်တော် | အမျိုးသားလွှတ်တော် | ပြည်နယ်/တိုင်းလွှတ်တော် |
|---|---|---|---|
| အမျိုးသားဒီမိုကရေစီအင်အားစု | ၁၁ | ၄ | ၅ |
| တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁ | ၁ | ၂ |
| ဒီမိုကရက်တစ်ပါတီ(မြန်မာ) | | | ၃ |
| ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ | ၈ | ၂ | ၃ |
| ရခိုင်တိုင်းရင်းသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၃ | ၃ | ၆ |
| အင်းအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁ | | ၂ |
| ချင်းအမျိုးသားပါတီ | | | ၂ |
| ချင်းတိုးတက်ရေးပါတီ | ၁ | ၂ | ၂ |
| ကရင်ပြည်သူ့ပါတီ | | | |
| တသီးပုဂ္ဂလ | | | ၁ |
| စုစုပေါင်း | ၂၅ | ၁၂ | ၂၆ |
| အရပ်သားပေါင်း | ၃၃၀ | ၁၆၈ | |
| တပ်မတော် | ၁၁၀ | ၅၆ | |
| စုစုပေါင်း | ၄၄၀ | ၂၂၄ | |